တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၅၈၆

၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၉ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု

ဦးမင်းထက် နှင့် ဒေါ်သိန်းသိန်းဦး

အယူခံတရားလို အယူခံတရားပြိုင်

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးကျော်စိုးမင်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးစိုင်းထွန်းအောင်၊ တရားလွှတ်တော်ရှေ့နေ |

## စီရင်ချက်

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄ တွင် ဒေါ်သိန်းသိန်းဦးက ဦးမင်းထက်အပေါ် ပျားရည်ဘိုးကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ်ရလိုမှုစွဲဆိုရာ အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားပြိုင်က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၉ ဖြင့်အယူခံဝင်ရောက်ခဲ့သော်လည်း ပလပ်ခြင်းခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

တရားလိုက တရားလိုနှင့်တရားပြိုင်တို့သည် ပျားရည်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများဖြစ်ပြီး တရားလိုကနယ်မှပျားရည်များကိုမှာယူကာ တရားပြိုင်ထံသို့ပို့ဆောင်ပေး၍ တရားပြိုင်ကကျသင့်ငွေများကိုရှင်းပေးလေ့ရှိကြောင်း၊ ၃-၁၀-၂၀၁၅ ရက်နေ့မတိုင်မီ တရားလိုထံမှဝယ်ယူထားသောပျားရည်ဘိုးငွေများကိုရှင်းပေးခဲ့သော်လည်း ၃-၁၀-၂၀၁၅ ရက်နေ့မှ ၇-၁၀-၂၀၁၅ ရက်နေ့အထိ တရားပြိုင်ဝယ်ယူထားသည့်ပျားရည်ဘိုးငွေများကို ရှင်းပေးခဲ့ခြင်းမရှိကြောင်း၊ ၅-၁၀-၂၀၁၅ ရက်နေ့က ရိုးမဘဏ်မှတစ်ဆင့်ငွေကျပ်သိန်း ၁၉၀ နှင့် နောက်ထပ် ၁၀ သိန်း ၂ ကြိမ်သာပေးငေ ်း၊ တရား

ပြိုင်ကပေးချေရန်ကျန်သည့်ငွေမှာ ၇-၁၀-၂၀၁၅ ရက်နေ့အထိ ၅၇၂၄၄၁၅၅ ကျပ်ဖြစ်ပြီး နောက်နေ့ရှင်းပေးမည်ဟုပြောသော်လည်းရှင်းပေးခြင်းမရှိဘဲ တိမ်းရှောင်နေကြောင်းအဆိုပြုသည်။

တရားပြိုင်က ပျော်ဘွယ်မြို့နယ်မှထွက်ရှိသည့်ပျားရည်များကို တရားလိုကနမူနာလာပြပြီးနောက် ၁-၁၀-၂၀၁၅ ရက်နေ့တွင် ပျားရည် ၁၅ ပုံး၊ ၂-၁၀-၂၀၁၅ ရက်နေ့တွင်ပျားရည် ၉၈ ပုံး၊ ၃-၁၀-၂၀၁၅ ရက်နေ့တွင်ပျားရည် ၂၉၂ ပုံး၊ ၄-၁၀-၂၀၁၅ ရက်နေ့တွင် ပျားရည် ၆၄ ပုံး အသီးသီးပေးပို့ရောင်းချခဲ့ကြောင်း၊ တရားပြိုင်မှာ ပျားရည်များကိုတစ်ဆင့်ခံရောင်းချသူဖြစ်ကြောင်း၊ ၅-၁၀-၂၀၁၅ ရက်နေ့တွင်တရားလိုမှ ပျားရည် ၅၉၂ ပုံးပေးပို့ခဲ့ရာ သံသယဝင်သဖြင့် မန္တလေးတိုင်းဒေသကြီးပျားလုပ်ငန်းဌာနတိုင်းဦးစီးမှူးထံဆက်သွယ်အကူအညီတောင်းခဲ့ကြောင်း၊ ပျော်ဘွယ်မြို့နယ်၊ ပျားလုပ်ငန်းဌာနမှ မြို့နယ်ဦးစီးမှူးဦးတင့်လွင်က တရားလို၏ဂိုဒေါင်သို့ ၅-၁၀-၂၀၁၅ ရက်နေ့တွင် လာရောက်၍ ပျားရည်ပုံး ၁၀၀၀ ခန့်ကိုစစ်ဆေးရာ တင်လဲရည်အနံ့နံပြီး ချဉ်သောအရသာရှိသောကြောင့် သံသယဖြစ်ဘွယ်ပျားရည်အတုများဖြစ်သည်ဟုပြောကြားခဲ့ကြောင်း၊ တရုတ်နိုင်ငံကျမ်ဆူကျုံဖူစစ်ဆေးရေးကုမ္ပဏီလီမိတက်သို့ ပျားရည်နမူနာပေးပို့၍ ဓါတ်ခွဲစစ်ဆေးမှုပြုစေခဲ့ရာ ထိုကုမ္ပဏီ၏ ၁၅-၁၀-၂၀၁၅ ရက်စွဲပါ အကြောင်းပြန်ကြားစာအရ နမူနာပျားရည်မှာ သကြားထည့်ထားသည်ဟု အကြောင်းပြန်ကြားသဖြင့် တရားလိုထံသို့ဖုန်းဖြင့်အသိပေးခဲ့ကြောင်း၊ ထို့နောက် တိုင်းဦးစီးမှူးရုံးတွင် တရားလိုနှင့် တရားပြိုင်၏ညီအားတိတို့ ထိုကိစ္စကိုညှိနှိုင်းဖြေရှင်းကြရာ တရားလိုက ၎င်းပေးပို့ထားသောပျားရည်အတုများကို တစ်လ သိန်း ၆၀ ခန့်ပြန်ယူရောင်းပေးမည်ဟုဝန်ခံပြောဆိုခဲ့ကြောင်း၊ ထိုသို့ပြောဆိုသည့်အတိုင်းဆောင်ရွက်ခြင်းမရှိသဖြင့် တရားပြိုင်၏ညီအားတိက တရားလိုနှင့်သမီးမအေးပုံ့ပုံ့စိုးတို့အပေါ် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတွင် ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၆၃ ဖြင့်စွဲဆိုထားကြောင်း၊ တရားပြိုင်က ၅-၁၀-၂၀၁၅ ရက်နေ့တွင် ငွေကျပ်သိန်း ၁၉၀ နှင့် ထို့နောက် ငွေကျပ်သိန်း ၂၀ ပေးချေထားပြီးဖြစ်ကြောင်း၊ ပျားရည်အတုများပေးပို့သဖြင့် ပျားရည်ဘိုးငွေကိုစာရင်းရှင်းပေးရန်အကြောင်းမပေါ်ပေါက်ကြောင်းဖြင့် ချေပသည်။

မန္တလေးခရိုင်တရားရုံးက တရားလိုနှင့်တရားပြိုင်တို့သည် ပဋိညာဉ်ပြုလုပ်၍အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ဟုတွေ့ရကြောင်း၊ တရားလိုပေးပို့သည့်ပျားရည်များကို တရားပြိုင်တို့ကစစ်ဆေးပြီး ကြိုက်နှစ်သက်၍ ပြေစာဖြတ်ငွေချေဝယ်ယူသည့်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ၅-၁၀-၂၀၁၅ ရက်နေ့ကပေးပို့သည့်ပျားရည်များကိုအတုဖြစ်သည်ဟုထုချေသော်လည်း ၇-၁၀-၂၀၁၅ ရက်နေ့ထိ တရားလိုပေးပို့သည့်ပျားရည်များကိုဝယ်ယူခဲ့သည်ဟုတွေ့ရကြောင်း၊ ၇-၁၀-၂၀၁၅ ရက်နေ့တွင်စာရင်းရှင်းလင်းမှုပြုလုပ်ပြီး တရားလိုအားပေးရန် ၅၇၂၄၄၁၅၅ ကျပ်ကျန်ရှိကြောင်း တရားပြိုင်ကိုယ်တိုင်ကရေးသားဖော်ပြသည်ဟု သက်သေခံ(က) နှင့် သက်သေခံ (၄-ဇ) ပြေစာတို့အရတွေ့ရကြောင်း၊ သို့ဖြစ်၍ တရားပြိုင်က တရားလိုအား ပျားရည်ဘိုးကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ်ပြန်လည်ပေးဆပ်စေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က အစားအသောက်များအရည်အသွေးမှန်မမှန်စစ်ဆေးခြင်းကို မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနကသာစစ်ဆေးခွင့်ရှိကြောင်း၊ ပျော်ဘွယ်မြို့နယ်၊ ပျားလုပ်ငန်းဌာနမှ မြို့နယ်ဦးစီးမှူးဦးတင့်လွင်သည် တရားဝင်လုပ်ပိုင်ခွင့်ရှိသူမဟုတ်၍ ၎င်း၏သံသယဖြစ်ဘွယ်ရှိသည်ဆိုသည့် သက်သေခံချက်တစ်ရပ်တည်းဖြင့် တရားလိုကတရားပြိုင်ထံပေးပို့ရောင်းချခဲ့သည့်ပျားရည်များသည် အတုဖြစ်သည်ဟုကောက်ယူရန် သက်သေခံချက်လုံလောက်မှုမရှိကြောင်း၊ ဤအခြေအနေတွင် တရားပြိုင်က ပျားရည်ဘိုးငွေ ၅၇၂၄၄၁၅၅ ကျပ်ပေးရန်ကျန်ရှိနေကြောင်းသာပေါ်ပေါက်သဖြင့် တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်၍ အယူခံမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေက အယူခံတရားပြိုင်သည် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်)မှထုတ်ပေးသည် ပျားမွေးမြူရေးလုပ်ငန်းရှင်ကဒ်မူရင်းအား အယူခံတရားလိုထံပေးအပ်ခဲ့သော်လည်း လိုင်စင်ရမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးမဟုတ်ဟု အငြင်းမပွားပေါ်ပေါက်ကြောင်း၊ တရားလို၏အဆိုလွှာတွင်ဖော်ပြချက်များအရ တရားပြိုင်က ရီးမဘာဏ်မှတစ်ဆင့်ငွေကျပ်သိန်း ၁၉၀ နှင့် ၁၀ သိန်း ၂ ကြိမ်ပေးချေထားသည်ဟုဆိုရာ ၃-၁၀-၂၀၁၅ ရက်နေ့မတိုင်မီအချိန်အထိ လက်ငင်းရှင်းပေးခဲ့သည်ဟုပေါ်ပေါက်ကြောင်း၊ ၃-၁၀-၂၀၁၅ ရက်နေ့မှ ၇-၁၀-၂၀၁၅ ရက်နေ့အထိ ပျားရည်ပိဿာမည်မျှ၊ ပုံးမည်မျှကို တရားပြိုင်ထံပေးပို့ခဲ့သည်ဟု ဆိုလွှာတွင်ဖော်ပြထားခြင်းမရှိသကဲ့သို့ ရုံးရှေ့တွင်လည်းထွက်ဆိုခြင်းမရှိကြောင်း၊ ၅-၁၀-၂၀၁၅ ရက်နေ့တွင် ပျားရည်ပုံး ၅၉၂ ပုံးအား အယူခံတရားပြိုင်မှပေးပို့ခဲ့ရာ ပျားရည်များကို ရက်ဆက်ပို့နေသည့်အတွက် သံသယဝင်လာသဖြင့် ငွေရှင်းမပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပျော်ဘွယ်မြို့နယ်၊ ပျားလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိဦးတင့်လွင်က ဂိုဒေါင်သို့လာရောက်စစ်ဆေးခဲ့ပြီး ပျားရည်အတုများဖြစ်သည်ဟုပြောခဲ့ကြောင်း၊ တရုတ်နိုင်ငံ၊ စီချမ်တိုင်း၊ ကျမ်ဆူကုံပဏီဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရာတွင်လည်း ပျားရည်များသည် သကြားဓါတ်များပြီး အတုဖြစ်သည်ဟုပြန်ကြားခဲ့ကြောင်း၊ သို့ဖြစ်၍ အယူခံတရားပြိုင်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတွင် ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၆၃ ဖြင့် တရားစွဲဆိုထားပြီး မန္တလေးနေ့စဉ်သတင်းစာတွင်လည်း အမျိုးသားအစားသောက်ဥပဒေပုဒ်မ ၂၈/ခ ဖြင့်အမှုဖွင့်အရေးယူထားသည်ဟု အများသိစေရန်ကြေညာခဲ့ကြောင်း၊ အယူခံတရားပြိုင်က ပျားရည်များကို တစ်လလျှင်သိန်း ၆၀ ဖိုးစီပြန်ယူရောင်းချမည်ဟုပြောဆိုသော်လည်း ပြန်လည်ယူဆောင်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ မန္တလေးခရိုင်တရားရုံး၏စီရင်ချက်နှင့်ဒီကရီသည်မှားယွင်းနေပြီး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က အတည်ပြုခဲ့ခြင်းမှာလည်းမှားယွင်းနေသဖြင့် ပြန်လည်စိစစ်သင့်ကြောင်းလျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏တရားလွှတ်တော်ရှေ့နေက တရားလိုမှပျားရည်များပေးပို့ခဲ့သဖြင့် တရားပြိုင်က စုစုပေါင်းငွေကျပ်သိန်း ၂၁၀ ရှင်းပေးခဲ့ရာတွင် ၇-၁၀-၂၀၁၅ ရက်နေ့၌ တရားလိုပေးပို့ခဲ့သောပျားရည်ဖိုးငွေကျပ်သိန်း ၂၁၀ ကိုနုတ်၍ ပျားရည်ဖိုးပေးရန်ကျန်ငွေသည် ငွေကျပ် ၅၇၂၄၄၁၅၅ ဖြစ်ကြောင်းမှာ အငြင်းမပွားပေါ်ပေါက်နေကြောင်း၊ တရားပြိုင်က ပျားရည်အတုများဖြစ်နေသဖြင့် ငွေရှင်းမပေးခြင်းဖြစ်သည်ဟုသာထုချေထားကြောင်း၊ ပျားရည်အတုများဖြစ်ကြောင်း သက်သေပြရန်တာဝန်သည် သက်သေခံဥပဒေပုဒ်မ ၁၀၂ အရ တရားပြိုင်၏တာဝန်ဖြစ်ကြောင်း၊ တရားလိုမှပျားရည်လာပို့တိုင်း တရားပြိုင်တို့က ပျားရည်ပုံးများကိုဖွင့်၍ အနံ့ခံခြင်း၊ လျှာဖြင့်လျက်ခြင်းပြုလုပ်စမ်းသပ်သည်ဟုလည်း တရားပြိုင်ကထွက်ဆိုထားကြောင်း၊ စမ်းသပ်စစ်ဆေး၍ ကြိုက်နှစ်သက်မှဝယ်ယူခြင်းဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ ဦးတင့်လွင်ကစမ်းသပ်စစ်ဆေးသည်ဆိုသော်လည်း ၎င်းမှာ အစိုးရဌာနတစ်ခုခု၏ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည်ဟု အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ တရုတ်နိုင်ငံဓါတ်ခွဲခန်းသို့ပေးပို့စမ်းသပ်ရာ၌ အတုဖြစ်သည်ဟုဆိုသော်လည်း အထောက်အထားမတင်ပြနိုင်သည့်အပြင် ဓါတ်ခွဲစမ်းသပ်ခဲ့သည့်ပညာရှင်ကိုလည်းသက်သေတင်ပြနိုင်ခြင်းမရှိကြောင်း၊ တရားပြိုင်သည် အခြားပျားလုပ်ငန်းလုပ်ကိုင်သူများထံမှလည်း ပျားရည်များဝယ်ယူခဲ့သဖြင့် ဦးတင့်လွင်စစ်ဆေးခဲ့သောပျားရည်များသည် တရားလို၏ပျားရည်များဖြစ်ကြောင်းမှာလည်း ခိုင်မာခြင်းမရှိကြောင်း၊ တရားပြိုင်မှ ပျားရည်အတုဖြစ်ကြောင်း သက်သေထင်ရှားပြနိုင်ခြင်းမရှိသဖြင့် ပျားရည်ဖိုးကျန်ငွေများပေးဆပ်ရန် ချမှတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိသဖြင့် အယူခံမှုကိုပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် တရားလိုက တရားပြိုင်ထံ ပျားရည်များပေးပို့ရောင်းချခဲ့ကြောင်း၊ တရားပြိုင်ကပျားရည်ဖိုးငွေကျပ်သိန်း ၂၁၀ ကိုပေးချေခဲ့ပြီး ၇-၁၀-၂၀၁၅ ရက်နေ့စာရင်းရှင်းလင်းရာ တရားပြိုင်ကငွေကျပ် ၅၇၂၄၄၁၅၅ ကို တရားလိုသို့ပေးဆပ်ရန်ကျန်ရှိနေကြောင်း အငြင်းမပွားပေါ်ပေါက်သည်။

ထိုသို့ပျားရည်ဖိုးငွေများကျန်ရှိသော်လည်း တရားပြိုင်ကမပေးချေခဲ့ခြင်းမှာ တရားလိုပေးပို့ခဲ့သည့်ပျားရည်များသည် အတုဖြစ်နေသဖြင့်ငွေမပေးချေခဲ့ခြင်းဖြစ်သည်ဟုတွေ့ရသည်။ ပျားရည်များကိုစစ်ဆေးရာတွင် အတုဖြစ်နေကြောင်းဖြင့် တရားပြိုင်က ပျော်ဘွယ်မြို့နယ်၊ ပျားလုပ်ငန်းဌာန၊ မြို့နယ်ဦးစီးမှူးဦးတင့်လွင်၏ထွက်ဆိုချက်ကို အဓိကအားပြု၍ တင်ပြထားခြင်းဖြစ်သည်။

တရားပြိုင်က အဆိုပါပျားရည်ကို တရုတ်ပြည်သို့ပေးပို့စစ်ဆေးခဲ့ကြောင်းဖြင့် တရုတ်နိုင်ငံ၊ ကျမ်းဆူကျုံဖူစစ်ဆေးရေးကုမ္ပဏီလီမိတက်၏ဓါတ်ခွဲစစ်ဆေးမှုမှတ်တမ်းကို သက်သေခံတင်ပြရန်ဆောင်ရွက်ခဲ့သော်လည်း ကုမ္ပဏီ၏စစ်ဆေးမှုမှတ်တမ်း၊ ဘာသာပြန်ဆိုချက်တို့တွင် တာဝန်ရှိသူနှင့် ဓါတ်ခွဲစစ်ဆေးသူတို့၏လက်မှတ်သာပါရှိပြီး မည်သူမည်ဝါ၏လက်မှတ်များဖြစ်ကြောင်း တင်ပြနိုင်ခြင်းမရှိသဖြင့် သက်သေခံချက်အဖြစ်လက်ခံနိုင်ခဲ့ခြင်းမရှိကြောင်းတွေ့ရသည်။

ဓါတ်ခွဲစစ်ဆေးမည်ဆိုပါက တရားလိုပေးပို့သည့်ပျားရည်များဖြစ်ကြောင်း သက်သေများရှေ့တွင် စနစ်တကျချိတ်ပိတ်ရယူ၍ ပေးပို့စစ်ဆေးရန်ဖြစ်သည်။ စမ်းသပ်မည့်ပျားရည်များကို စတင်ရယူသည့်အချိန်တွင် ထိုကဲ့သို့ရယူခဲ့ခြင်းမရှိသဖြင့် ပေးပို့ခဲ့သည့်ပျားရည်များမှာ တရားလိုပေးပို့ထားသည့်ပျားရည်များဟုတ်မဟုတ်ထင်ရှားခြင်းမရှိဟုဆိုရမည်။ ထိုသို့ထင်ရှားမှုမရှိသဖြင့် ဓါတ်ခွဲစစ်ဆေးတွေ့ရှိချက်ကိုလည်း အသုံးပြုနိုင်မည်မဟုတ်ပေ။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာနက တရားဝင်စမ်းသပ်စစ်ဆေးမှုပြုနိုင်သည်ဖြစ်သော်လည်း တရားပြိုင်ကထိုသို့ပေးပို့စစ်ဆေးခဲ့ခြင်းလည်းမရှိပေ။ ပျော်ဘွယ်မြို့နယ်၊ ပျားလုပ်ငန်းဌာနမှ မြို့နယ်ဦးစီးမှူးဦးတင့်လွင်က ပျားရည်ပုံး ၁၀၀၀ ခန့်ကိုစစ်ဆေးပြီး တင်လဲရည်အနံ့နံပြီးချဉ်သောအရသာရှိသောကြောင့် သံသယဖြစ်ဘွယ်ပျားရည်အတုများဖြစ်သည်ဟုဆိုသော်လည်း ဦးတင့်လွင်သည် တရားဝင်စစ်ဆေးပိုင်ခွင့်ရှိသူဖြစ်ကြောင်းမတွေ့ရပေ။ ၎င်း၏ထွက်ဆိုချက်မှန်ကန်ခြင်းဖြစ်နိုင်သည့်တိုင်အောင် ဥပဒေအရတရားဝင်အတည်ပြုနိုင်မည်မဟုတ်ပေ။

တရားလိုပေးပို့သည့်ပျားရည်များသည် ပျားရည်အတုများဖြစ်ကြောင်း တရားပြိုင်ကငြင်းဆိုထားရာ ပျားရည်အတုများဖြစ်ကြောင်းသက်သေပြရန်တာဝန်သည် သက်သေခံဥပဒေပုဒ်မ ၁၀၂ အရ တရားပြိုင်အပေါ်တွင်ကျရောက်သည်။ တရားပြိုင်ကကြိုးပမ်းဆောင်ရွက်မှုများရှိသည်ဟုတွေ့ရသော်လည်း တရားရုံးကလက်ခံနိုင်လောက်အောင် ထိုတာဝန်ကိုကျေပြွန်အောင်ဆောင်ရွက်နိုင်ခြင်းမရှိဟုသာပေါ်ပေါက်သည်။ သို့ဖြစ်၍ တရားလိုပေးပို့သည့်ပျားရည်များသည် ပျားရည်အတုများဖြစ်သည်ဟုတစ်ထစ်ချကောက်ယူနိုင်မည်မဟုတ်ပေ။

အမှုတွင် တရားပြိုင်က တရားလိုသို့ ပျားရည်ဘိုးကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ်ပေးရန်ကျန်ရှိနေသည်ဟုပေါ်ပေါက်ပြီး တရားလိုပေးပို့ခဲ့သည့်ပျားရည်များသည် ပျားရည်အတုဖြစ်ကြောင်းအထင်အရှားပေါ်ပေါက်ခြင်းမရှိသဖြင့် တရားလိုက ပျားရည်ဘိုးကျန်ငွေများကို ပေးချေရန်တာဝန်ရှိသည်ဟုပေါ်ပေါက်သည်။ သို့ဖြစ်၍ မန္တလေးခရိုင်တရားရုံးက တရားပြိုင်မှ ပျားရည်ဘိုးကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ်ကို ပြန်လည်ပေးဆပ်စေရန်ဒီကရီချမှတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟုဆိုနိုင်မည်မဟုတ်ပေ။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ကလည်း ပျားရည်အတုဖြစ်ကြောင်း ထင်ရှားခြင်းမရှိ၍ တရားပြိုင်၏အယူခံမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

မန္တလေးခရိုင်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီသည် ဥပဒေအရတစ်စုံတစ်ရာမှားယွင်းသည်ဟုမတွေ့ရသဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိပေ။

ထို့ကြောင့် [ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။]

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(စိုးနိုင်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး